# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်မှတ်ပုံတင်လုပ်ငန်း၊ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးလုပ်ငန်းနှင့် လုပ်ငန်းလိုင်စင်လုပ်ငန်းများပြန်လည်စတင်ရန် အများပြည်သူသို့အသိပေးကြေညာခြင်း

– ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးများ၏ဝန်ဆောင်မှုလုပ်ငန်းများကို (၈.၆.၂၀၂၀)ရက် (တနင်္လာ)နေ့မှစ၍ ပြန်လည်စတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

– ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း ယာဉ်မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် မော်တော်ယာဉ်/မော်တော်ဆိုင်ကယ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း နှစ်လဲသက်တမ်းတိုး လာရောက်ဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်မီဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ရမည် ဖြစ်ပါသည်–

(က) ၃/၂၀၂၀ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များနှင့် ၄/၂၀၂၀ လ မှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်ယာဉ်များသည် (၈.၆.၂၀၂၀)ရက်မှ (၃၁.၇.၂၀၂၀)ရက်နေ့အတွင်း၊

(ခ) ၅/၂၀၂၀ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် (၈.၆.၂၀၂၀)ရက်မှ (၃၁.၈.၂၀၂၀)ရက်နေ့အတွင်း၊

(ဂ) ၆/၂၀၂၀ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် (၈.၆.၂၀၂၀)ရက်မှ (၃၀.၉.၂၀၂၀)ရက်နေ့အတွင်း၊

– ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း မှတ်ပုံတင်သက်တမ်း တစ်ဆက်တည်း (၅)နှစ် ကျော်၍ နှစ်ပြတ်နိုင်သည့် ယာဉ်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုး ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းမည်ဖြစ်ပါသည်–

(က) ၃/၂၀၁၅ လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များနှင့် ၄/၂၀၁၅ လ မှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်ယာဉ်များသည် (၈.၆.၂၀၂၀)ရက်မှ (၃၁.၇.၂၀၂၀)ရက်နေ့အတွင်း၊

(ခ) ၅/၂၀၁၅ လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် (၈.၆.၂၀၂၀)ရက်မှ (၃၁.၈.၂၀၂၀)ရက်နေ့အတွင်း၊

(ဂ) ၆/၂၀၁၅ လ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် ယာဉ်များသည် (၈.၆.၂၀၂၀)ရက်မှ (၃၀.၉.၂၀၂၀)ရက်နေ့အတွင်း၊

– ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း သက်တမ်းကုန်ဆုံးရက်ကျရောက်သော ယာဉ်မောင်းလိုင်စင်များသည် အောက်ပါသတ်မှတ်ကာလအတွင်း နှစ်လဲသက်တမ်းတိုး လာရောက် ဆောင်ရွက်ရမည်ဖြစ်ပြီး အချိန်မီဆောင်ရွက်ပါက ဒဏ်ကြေးကင်းလွတ်ခွင့်ရမည်ဖြစ်ပါသည်–

(က) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၂၅.၃.၂၀၂၀ မှ ၃၀.၄.၂၀၂၀)အတွင်းရှိလိုင်စင်များသည် (၈.၆.၂၀၂၀ မှ ၃၁.၇.၂၀၂၀)အထိ၊
(ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှတ်ပုံတင်ရုံးများအတွက်သာ)

(ခ) လိုင်စင်သက်တမ်းကုန်ဆုံးရက်(၃၀.၃.၂၀၂၀ မှ ၃၀.၄.၂၀၂၀)အတွင်းရှိလိုင်စင်များသည် (၈.၆.၂၀၂၀ မှ ၃၁.၇.၂၀၂၀)အထိ၊
(အခြားတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မှတ်ပုံတင်ရုံးများအတွက်သာ)

( ဂ) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၁.၅.၂၀၂၀ မှ ၃၁.၅.၂၀၂၀)အတွင်းရှိ လိုင်စင်များသည် (၈.၆.၂၀၂၀ မှ ၃၁.၈.၂၀၂၀)အထိ၊

(ဃ) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၁.၆.၂၀၂၀ မှ ၃၀.၆.၂၀၂၀)အတွင်းရှိ လိုင်စင်များသည် (၈.၆.၂၀၂၀ မှ ၃၀.၉.၂၀၂၀)အထိ၊

– ဝန်ဆောင်မှုရပ်ဆိုင်းထားသည့်ကာလအတွင်း ယာဉ်မောင်းလိုင်စင်သက်တမ်း တစ်ဆက်တည်း (၅)နှစ်ကျော်၍ နှစ်ပြတ်နိုင်သည့် ယာဉ်မောင်းလိုင်စင်များသည် အောက်ပါသတ်မှတ်ကာလအတွင်း လာရောက်သက်တမ်းတိုးဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက (၅)နှစ်ကျော် နှစ်ပြတ် လိုင်စင်အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်–

(က) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၂၅.၃.၂၀၁၅ မှ ၃၀.၄.၂၀၁၅)အတွင်းရှိ လိုင်စင်များသည် (၈.၆.၂၀၂၀ မှ ၃၁.၇.၂၀၂၀)အထိ၊
(ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှတ်ပုံတင်ရုံးများအတွက်သာ)

( ခ) လိုင်စင်သက်တမ်းကုန်ဆုံးရက်(၃၀.၃.၂၀၁၅ မှ ၃၀.၄.၂၀၁၅)အတွင်းရှိလိုင်စင်များသည် (၈.၆.၂၀၂၀ မှ ၃၁.၇.၂၀၂၀)အထိ၊
(အခြားတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မှတ်ပုံတင်ရုံးများအတွက်သာ)

( ဂ) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၁.၅.၂၀၁၅ မှ ၃၁.၅.၂၀၁၅)အတွင်းရှိ လိုင်စင်များသည် (၈.၆.၂၀၂၀ မှ ၃၁.၈.၂၀၂၀)အထိ၊

(ဃ) လိုင်စင်သက်တမ်းကုန်ဆုံးရက် (၁.၆.၂၀၁၅ မှ ၃၀.၆.၂၀၁၅)အတွင်းရှိ လိုင်စင်များသည် (၈.၆.၂၀၂၀ မှ ၃၀.၉.၂၀၂၀)အထိ၊

– တိုင်းဒေသကြီးဦးစီးမှူးရုံး(ရန်ကုန်)၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ခရိုင်ရုံး(ရန်ကုန် အနောက်ပိုင်း/ရန်ကုန်အရှေ့ပိုင်း/ရန်ကုန်မြောက်ပိုင်း/ရန်ကုန်တောင်ပိုင်း)၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မန္တလေး)၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း/မန္တလေးမြောက်ပိုင်း)နှင့် တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)တို့တွင် ယာဉ်ပိုင်ရှင်များသည် မိမိယာဉ် စစ်ဆေးလိုသည့် ရက်များကို (၅–၆–၂၀၂၀)ရက် (သောကြာနေ့)မှ စတင်၍ ယခင်အတိုင်း www.rtad.gov.mm Website တွင် Online Booking ကို အနည်းဆုံး(၁)ရက်မှ အများဆုံး(၃၀)ရက်အထိ ကြိုတင်ရယူနိုင်ပါသည်။လူစုလူဝေးမဖြစ်ပေါ်စေရန် Online Booking စနစ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သောကြောင့် ကြိုတင်စုဝေးခြင်းမပြုလုပ်ဘဲ သတ်မှတ်ထားသည့် အချိန်တွင်သာ လာရောက်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

– ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးများနှင့် မန္တလေးတိုင်းဒေသကြီးရှိ တိုင်းဒေသကြီးဦးစီးမှူးရုံး (မန္တလေး)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း/မန္တလေးမြောက်ပိုင်း)ရုံးများ၌ အပတ်စဉ် စနေနေ့ကိုပါ ဝန်ဆောင်မှုလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (နောက်ဆုံးပတ်)အထိ စနေနေ့ပါ Online Booking ရယူနိုင်ပါသည်။

– အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm Website များနှင့် RTAD HQ facebook များတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**